# **Yom Kippur** ဆိုသည့်ဂင်း၏ လေးနက်သည့်အဓိပ္ပါယ်မှာ “အပြစ်ဖြေရာနေ့”ပင်ဖြစ်ပါသည်

**The Deep Meaning of Yom Kippur—The Day of Atonement**

*အာရှတွင်ရှိသောဘုရားသခင်၏အသင်းတော်*

# Yom Kippurဆိုသည့်ၪင်း၏လေးနက်သည့်အဓိပ္ပါယ်မှာ “အပြစ်ဖြေရာနေ့”ပင်ဖြစ်ပါသည်။

By ဆရာကြီး Leon Sexton

အပြစ်ဖြေရာနေ့သည်လည်းဘုရားသခင်၏ဥပုသ်နေ့ကြီးဖြစ်သည့်အတွက်နှစ်စဉ်တိုင်း ကျင်းပရမည်ဖြစ်ပါသည်။ ဂျူးလူမျိုးတွေရဲ့ သုံးသပ်ချက်အရထိုနေ့သည်နှစ်စဉ်ရဲ့အသန့်ရှင်းဆုံးလည်းဖြစ်ပါသည်။ ထိုနေ့တွင်တည်ငြိမ်လေးနက်စွာအစာရှောင်ဆုတောင်းရမည်ဖြစ်ပါသည်။ၪင်းဆိုလိုသည်မှာနို့စို့သူငယ်နှင့်ကလေးသူငယ်များမှအပအရွယ်ရောက်သည့်လူငယ်လူကြီးတိုင်းညနေ နေဝင်ချိန်မှစနောက်နေ့ နေဝင်သည်ထိအစာရေစာမစား မသောက်ဘဲဆုတောင်းရမည်ဖြစ်ပါသည်။

ဘာကြောင့်ခရစ်ယာန်တွေထိုနေ့တွင်အစာရှောင်ဆုတောင်းကြပါသလဲ။ ခရစ်ယာန်တိုင်း ထိုနေ့တွင်အစာရှောင်ဆုတောင်း လို့ရပါသည်။ အဘယ်ကြောင့်ဆိုသော်ဂျူးလူမျိုးများကျင်းပကြပါသည့်အတွက်ခရစ်ယာန်တွေရောကျင်းပလို့မရတော့ဘူးလား။ ဂျူးတွေကျင်းပသည့်အရာကိုခရစ်ယာန်တွေလိုက်ရှောက်ကျင်းပလို့မရကြောင်းကိုကျမ်းစာထဲတွင်ဖော်ပြထားပါသလား။ ကျမ်းစာထဲတွင်ဖော်ပြထားသည်ကိုကြည့်ကြပါစို့။ စကားမစပ်သခင်ယေရှုသည်ဂျူးလူမျိုးဖြစ်ကြောင်းကိုမှတ်ထားရမည်ဖြစ်ပါသည်။

သန့်ရှင်းသည့်အပြစ်ဖြေရာနေ့ကိုကျင်းပသည်ကိုဘယ်မှာရှာတွေ့နိုင်ပါသလဲ။

<u>**“ဝတ်ပြုရာကျမ်း ၂၃း၂၆–၃၂”**</u> ကိုဖတ်ရှုရန်။

အရေးကြီးလှသည့်အချက်မှာထာဝရဘုရားသည်ထိုနေ့ကိုဥပုသ်နေ့ကြီးဖြစ်ကြောင်းခေါ်ဆိုထားသည့်အတွက်အနားယူရမည်ဖြစ်ပါသည်။ဥပုသ်နေ့ကြီးတိုင်းသည်ရက်တပတ်ရဲ့ဘယ်ရက်မဆိုကျနိုင်ပြီးဘယ်ရက်တွင်ကျရောက်စေကာမူပြဿနာမရှိပါ။အရေးကြီးလှသည်မှာထိုနေ့တွင်ကိုယ့်ကိုယ်ခြိုးခြံစွာကျင့်ရမည်မှာအစာရှောင်ပြီးအပြစ်ဝန်ချတောင်းပန်ဖို့ဖြစ်ပါသည်။

အပြစ်ဖြေရာနေ့အချိန်တနေ့သာလျှင်ယဇ်ပရောဟိတ်သည်သန့်ရှင်းသော နေရာ၊ဘုရားသခင်ရှိနေသောပဋိညာဉ်တွင်သွားနိုင်ပါသည်။ ယဇ်ပရောဟိတ် ကြီးသာလျှင်ထိုသိုးသငယ်သွေးကိုယူပြီးသွားရောက်ပက်ဖြန်းကာလူမျိုးစုတွေ ရဲ့အပြစ်ကိုဖြေလွှတ်ပေးနိုင်ပါသည်။ ထိုမှသာနောက်နှစ်အတွက်ဘုရားသခင် နှင့်ပြန်ရှိနိုင်မည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကျွန်တော်တို့အပြစ်ကိုဝန်ချပြီးမှ သာဘုရားသခင်ရှေ့တွင်ပြန်လည်သန့်ရှင်းသောသူဖြစ်လာနိုင်ပါသည်။

ဤပွဲတော်သည်ခရစ်တော်ဒုတိယကြိမ်ကြွလာပြီးရှင်ပြန်ထမြောက်ခြင်းပြီး သွားမှပြီးဆုံးသွားမည်ဖြစ်ပါသည်။

## <u>“ဟေဗြဲ ၉း၁၁–၁၅”</u>ကိုဖတ်ရှုရန်။

ဤကျမ်းချက်သည်ခရစ်ယာန်တွေအတွက်အရေးကြီးလှသည့်ကျမ်းချက်ဖြစ်ပါ သည်အဘယ်ကြောင့်ဆိုသော် အပြစ်ဖြေရာနေ့သည်ခရစ်ယာန်တွေအတွက် ဖြစ်ကြောင်းရှင်းလင်းစွာဖော်ပြထားပါသည်။

ဂျူးလူမျိုးများကျင်းပရသည့်အဓိပ္ပါယ်မှာထိုနေ့တွင်သူတို့ရဲ့ရှိရှိသမျှအပြစ် များကိုယ်စားသိုးသငယ်ရဲ့အသွေးကိုယဇ်ပရောဟိတ်ကြီးသာလျှင်ယူသွားပြီး သန့်ရှင်းသောနေရာ၊ ဘုရားသခင်ရှိနေသောပဋိညာဉ်တွင်အပြစ်ကိုဖြေလွှတ် ပေးပါသည်။ ဆိုလိုသည်မှာရှိသမျှ အပြစ်များကို သိုးသငယ်ရဲ့ အသွေးကအအ စားထိုးပေးလိုက်သောကြောင့် နောက်နှစ်အတွက်အပြစ်ကိုကာကွယ်ပေးပြီး သန့်ရှင်းစေပါသည်။ ထိုသို့ဖြင့်အပြစ်များကိုကြိုးစားပြီးဆက်မလုပ်ဖို့ပင်ဖြစ် ပါသည်။

## <u>“ဟေဗြဲ၉ ”</u>ကိုလေ့လာရန်။

ထာဝဘုရားကိုယ်တိုင်သူ့ရဲ့အပြစ်တရားအတွက်အသွေးတော်အားဖြင့်ယဇ် ပူဇော်ရွေးနုတ်ဆက်ကပ်ခြင်းခံပြီးကယ်တင်ခဲ့ပါသည်။ ခရစ်တော်သည်အချိန် တိုတွင်းတွင်ပြီးစီးစေခဲ့ပြီးရှင်ပြန်ထမြောက်ခဲ့သည့်နောက်ခရစ်ယာန်တွေကို

ကယ်တင်ခဲ့သည့်အတွက် ရှေ့ဦးစွာ အပြစ်ဝန်ချ တောင်းပန်ခြင်း၊ ကျွန်တော်တို့အတွက်အသေခံပေးသွားသည့်သိုးသူငယ်ကိုယုံကြည်လက်ခံခြင်းအားဖြင့် ထာဝရအသက်ကိုရရှိမည်ဖြစ်ပါသည်။

ကျွန်တော်တို့အပြစ်အတွက်ပေးဆပ်ရွေးနှုတ်ပေးသွားသည့်သခင်ယေရှုကြောင့် ခရစ်ယာန်အယောက်စီတိုင်း အရမ်းအံ့ဩစရာကောင်းလှသည်မှာ တစ်နှစ်သာရွေးနှုတ်သွားခြင်းမဟုတ်ဘဲထာဝရရွေးနှုတ်သွားခြင်းသာဖြစ်ပါသည်။ နှစ်စဉ်တိုင်းအပြစ်ရာနေ့တွင်အစာရှောင်ဆုတောင်းပြီးထိုဥပုသ်နေ့ကိုစောင့်ထိန်းကာကျွန်တော်တို့လူသားတွေအတွက်ရွေးနှုတ်သွားသည့်သိုးသငယ်မှာထာဝရဘုရားပင်ဖြစ်ကြောင်းမှတ်သားထားရမည်ဖြစ်ပါသည်။

The Day of Atonement
Translated by Miss. Ah Jar Shan